www.dhammaransi.com

# [illegible]

www.dhammaransi.com

၉၄၆၀

# မြတ်ပေါင်းမဉ္ဇူဘုရားသမိုင်း

## ဒုတိယဝိသုဒ္ဓိမဂ်ဆရာတော်

သၣ်သံနု့ မာရ်အောင် ကမ္မဋ္ဌာန်းဌာန

ကမာရွတ်

စာအုပ်ရေ ၁၀၀၀၊

၁၃၂၅-ခု နယုန်လတွင် ရိုက်နှိပ်သည်။

ထိန်လင်း-စာပုံနှိပ်လုပ်ငန်း၊

ကမာရွတ်-ထန်းတပင်ကျောင်း အနောက်ဘက်။

www.dhammaransi.com

# မြတ်စွာပေါင်းမည်ဘုရားသခိုင်း

၂၀၁.၃၅
၇၀၈
၄၄၈၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒဿနီယ သံဝေဇနီယ လေးဌာန
စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿကုလ
ပုတ္တဿဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။
ကတမာနိ စတ္တာရိ။

**အဓိပ္ပါယ်ကား**။ ။ချစ်သား အာနန္ဒာ၊ ရတနာသုံးပါးကို ယုံကြည်၍ သဒ္ဓါတရားရှိကုန်သော သူတို့သွားရောက် ပူဇော်သင့်သော တရားရဘွယ်ဖြစ်သော ဌာနလေးပါးရှိကုန်၏။ ၎င်းလေးပါးသော ဌာနတို့သည်ကား။—

၁ ဣဓ တထာဂတော ဇာတောတိ အာနန္ဒ သဒ္ဓဿ၊
ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အကြင်အရပ်သည် ဘုရားသခင် ဖွားမြင်တော်မူရာ ဖြစ်အံ့။ ထိုအရပ်သို့ သွားရောက်ဖူးမြော်အပ်၏။ တရားကို ရစေအပ်၏။

၁ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူရာ လုမ္ဗိနီ အင်ကြင်းဥယျာဉ် (ယခုဂေါရခပူရ်နယ်ဒါး မီးရထားလမ်းရှိ နောင်ဂါးဘူတာမှ (၂၁) မိုင်ကွာ နီပေါနယ်ထဲတွင်ရှိ၍ နောင်ဂါးမှ ကားခတယောက် ၁၅-၉ ပြားပေးရသည်။)

၂ ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ၊
အဘိသမ္ဗုဒ္ဓေါတိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ
ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အကြင်အရပ်သည် ဘုရားသခင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသော အရပ်ဖြစ်အံ့။ ထိုအရပ်သို့ သွားရောက် ဖူးမြော်ပူဇော်အပ်၏၊ တရားကိုရစေအပ်၏။

www.dhammaransi.com



၂ သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားဖြစ်ရာ ဗုဒ္ဓဂါယာ အရပ်ရှိ ဗောဓိပင်နှင့် ရွှေပလ္လင် ပေါက်ရာ ဌာန (ယခု ဂါယာမြို့တောင်ဘက် ၇-မိုင်ဝေး၍ ဘတ်စ်ကားဖြင့် သွားရသည်။)

၃ ဣဓတထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိ-တန္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿဒဿနီယံ သံဝေဇနီယံဌာနံ။

အကြင်အရပ်သည် ဘုရားသခင် ဓမ္မစကြာ တရားတော်ကို အဦးအစဟောတော်မူရာအရပ်ဖြစ်အံ့။ ထိုအရပ်သို့ သွားရောက် ဖူးမြော်ပူဇော်အပ်၏။ တရားကိုရစေအပ်၏။

၃ ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တောဓမ္မစကြာ တရားဦးဟောကြားတော်မူရာဌာန(ယခုဗာရာဏသီမြို့မှ အဖြောင့် ၃-မိုင် တာလမ်း ၇-မိုင်ကွာ ဆာနသ်ခေါ် မိဂဒါဝုန်တော လီရှောတစီးအသွားအပြန် ၂-ကျပ်ပေး ရသည်။)

၄ ဣဓတထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓါတုယာ ပရိနိဗ္ဗုတောတိ အာနန္ဒသဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အကြင်အရပ်သည် ဘုရားသခင်ပရိနိဗ္ဗာန်စံဝင်တော်ရာဌာန တခုဖြစ်အံ့၊ ထိုအရပ်သို့ သွားရောက် ဖူးမြော် ပူဇော် အပ်၏။ တရားကိုရစေအပ်၏။

၄ ကုသိနာခြုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ပရိနိဗ္ဗာန် စံဝင်တော်မူရာ ကုသိနာခြုံဌာန (ယခု ဂေါရပ္ပူရမြို့နှင့် ဒိုးရီးယားမြို့သွား ကားလမ်းဘေးတွင်ရှိ၍ ဂေါရပ္ပူရမှ (၃၅)မိုင် ဒိုးရီးယားမှ (၂၁)မိုင် ကွာဝေးသည်။)

www.dhammaransi.com



ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္န
စိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေတေ ကာယဿ ဘေဒါ
ပရံမရဏာ သုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇိဿန္တိ။ ။

သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် ဆဋ္ဌမူ–၁၁၆။

ချစ်သားအာနန္ဒာ၊ သဒ္ဓါကြည်ညိုစိတ်ရှိကုန်သော ရဟန်း ရှင်လူအများသည်။ ဤဌာနများသို့ လာရောက် ဖူးမြော်ကြကုန်၍ အချင်းတို့....ဤဌာနကား၊ မြတ်စွာဘုရား ဖွါးမြင်တော်မူရာ ဌာနဖြစ်ခဲ့ပေ၏။ ဤဌာနကား သမ္မာသမ္ဗောဓိ အတုမရှိ မုနိထွဋ်တင် ဘုရားရှင်အဖြစ်သို့ ရောက်ရာဌာနပေတည်း။ ဤဌာနကား ဓမ္မစကြာတရားဦးဟောရာဌာနဖြစ်ခဲ့သည်မဟုတ်လော၊ ဤဌာနကား အသင်္ခတဓါတ် နန်းမြတ်နိဗ္ဗူစံတော်မူရာပင်တကား....ဟု ဆပွါးသဒ္ဓါ ကြည်ညိုစွာဖြင့် ကွယ်လွန်ကြသည်ရှိသော်၊ နတ်ရွာ သုဂတိသို့ ရောက်ရှိကြပေကုန်လတ္တံ့ ဟူ၍၊ ညီတော် အာနန္ဒာအား မိန့်ကြားတော်မူချက် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်တော် ထွက် မြတ် စကား မှတ်သား နာယူကာ၊ ထိုဌာနများသို့ မသွားနိုင်သော်လည်း၊ ၎င်းဌာနများမှ မြေထူး မြေမြတ်များ ပါသဖြင့်၊ "မြတ်ပေါင်း မဉ္စူ ဘုရား" ကိုးကွယ်သူများသည်။ ထိုဌာနများသို့ ရောက်ရှိ ဖူးမြင်သကဲ့သို့ အကျိုးထူး–တူမျှလျက် ရှိပေသည်။

## ဆောင်ပုဒ်လင်္ကာ

၁ ဖွါးရာတလီ၊ လုမ္ဗနီသာမော၊ အင်ကြင်းတောနှင့်။–
၂ ဗောဓိရုက္ခ၊ ပလ္လင်္ကတည်း။
၃ ဓမ္မစကြာ၊ ဒေသနာဟော၊ သမင်ပေါ်သည့်၊ တောမိဂဒါ။
၄ မလ္လာဥယျာဉ်၊ နိဗ္ဗာန်ဝင်ရာ၊ ဤလေးဖြာပေ၊ မှတ်ကြလေ။ ။

www.dhammaransi.com



## အဝိဇဟိတလေးဌာန

အပရာနိစတ္တာရိ အဝိဇဟိတ ဌာနာနိ နာမဟောန္တိ။
သဗ္ဗဗုဒ္ဓါနဉ္စ ဗောဓိပလ္လင်္ကော အဝိဇဟိတော၊
ကေသိမ္ဗိ ယေဝဋ္ဌာနေ ဟောတိ။ ဓမ္မ-စက္ကပ္ပဝတ္တန ဣသိ
ပတနေ မိဂဒါယေ အဝိဇဟိတမေဝ ဟောတိ။ ဒေဝေါ-
ရောဟနကာလေ သင်္ကဿနဂရဒွါရေ ပဌမ ပဒဂဏ္ဌိကာ
အဝိဇဟိတာဝ ဟောတိ။ ဇေတဝနေ ဂန္ဓကုဋိယာစတ္တာရိ
မဉ္စပါဒ ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ။ ။

ဗုဒ္ဓဝံသ အဋ္ဌကထာ-ဆဋ္ဌမူ-၁၅၇။
မဟာဝဂ္ဂ ဋ္ဌကထာ-မဟာပဒါနသုတ္တ-ဆဋ္ဌမူ-၁၇၊
မူလပဏ္ဏာသဋ္ဌကထာ-ပါသရာသိသုတ္တဝဏ္ဏနာ-ဆဋ္ဌမူ-၇၂။

အပရာနိ၊ တပါးကုန်သော။ စတ္တာရိ၊ လေးပါး ကုန်သော။ အဝိဇဟိတ ဌာနာနိနာမ၊ ခပ်သိမ်းသော ဘုရားတို့၏ မစွန့်အပ်သော အရပ်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊အကျယ်ချဲ့၍ပြဦးအံ့။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော ဘုရားတို့၏။ ဗောဓိပလ္လင်္ကော၊ ဗောဓိပလ္လင် တည်ရာ အရပ်သည်။ အဝိဇဟိတော၊ မစွန့်အပ်သည်။ ဟောတိ၊ဖြစ်၏။ ကေသိမ္ဗိ ယေဝဋ္ဌာနေ၊တခုသော အရပ်၌သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဓမ္မ-စက္ကပ္ပဝတ္တန ဣသိပတနေ၊ ဓမ္မစကြာတရားကို ဟောရာ။ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ အဝိဇဟိတမေဝ၊ မစွန့်အပ်သည် သာလျှင်။ ဟောတိ၊ဖြစ်၏။ ဒေဝေါ-ရောဟန ကာလေ၊တာဝတိံသာ နတ်ပြည်မှ သက်တော်မူသော အခါ၌။ သင်္ကဿ နဂရဒွါရေ၊ သင်္ကဿမြို့တောင်တံခါး၌။ပဌမပါဒ ဂဏ္ဌိကာ၊စောင်းတန်းဦး၌၊ ရှေးဦးစွာ လကျာခြေတော်ကို ချခြင်းသည်။ အဝိဇဟိတာဝ၊ မစွန့်အပ်သည်သာ။ ဟောတိ၊ ဖြစ်၏။ ဇေတဝနေ၊ ဇေတဝန်

www.dhammaransi.com



ကျောင်းတော်၌။ ဂန္ဓကုဋိယာ၊ ဂန္ဓကုဋိတိုက်၌။ စတ္တာရိ၊ လေးချောင်း ကုန်သော။ မဇ္ဈုပါဒဌာနာနိ၊ ညောင်စောင်း ခြေတည်ရာအရပ်တို့သည်။ အဝိဇဟိတာနေဝ၊ မစွန့်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁ ဗောဓိပလ္လင်္ကာ။ ။ဘုရားဖွင့်ထွန်းတော်မူသော ဗုဒ္ဓဂါယာရှိ အပရာဇိတ ပလ္လင်နေရာမြတ်။

၂ ဓမ္မစက္ကပဝတ္တနဋ္ဌာန။ ။မိဂဒါဝုန် ဓမ္မစကြာ ဟောတော်မူသော နေရာမြတ်။

၃ ပဌမပဒဂဏ္ဍိက။ ။သင်္ကာသမြို့တောင်တံခါးခြေတော်ချရာနေရာမြတ်။

၄ မဇ္ဈုပါဒဌာန။ ။သာဝတ္ထိပြည် ဂန္ဓကုဋိ တိုက် တွင်း ရှိ ညောင်စောင်းတော်နေရာမြတ်တို့သည်။ ဘုရားရှင်တိုင်း မစွန့်အပ်သော အဝိဇဟိတလေးဌာနဖြစ်လေရာ။ ထိုဌာနများသို့ မသွားနိုင်သော်လည်း၊ ၎င်းဌာနများမှ မြေထူး-မြေ မြတ် များ ပါသဖြင့်၊ "မြတ်ပေါင်းမဇ္ဈုဘုရား" ကိုးကွယ်သူများသည်။ ထိုဌာနများသို့ရောက်ရှိ ဖူးမြင်သကဲ့သို့ အကျိုးထူး-တူမျှလျက်ရှိပေသည်။

## ဆောင်ပုဒ်လင်္ကာ

၁ ဘုရားပွင့်ရာ၊ မဟာဗောဓိ၊ အပရာဇိတ၊ ပလ္လင်ကနှင့်။

၂ ဓမ္မစကြာ၊ ဒေသနာကို၊ ဟောရာဒေသ၊ တောဝနတည်း။

၃ တဝမှတ်ရန်၊ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋိ၊ ညောင်စောင်းနှင့်။

၄ ၎င်းထို့ပြင် မြို့သင်္ကာ၊ ဤလေးရပ်ပေ၊ မှတ်ကြလေ။

www.dhammaransi.com



## လေယာဉ်ပျံ

၁ ရန်ကုန်မှ ကလကတ္တားအသွားအပြန် ယူ-ဘီ-အေ ဗမာ လေယာဉ်ပျံ ၃၆ဝီ။

၂ အိန္ဒိယပတ္တနာ (ပါဋလိပုတ်ပြည်)မှ နီပေါပြည် ကဋ္ဌမဏ္ဍူ မြို့ အသွားအပြန် နီပေါလေယာဉ်ပျံ ၁၁ဝီ။

၃ မဒရပ်မှ သီဟိုဠ် ကိုလံဘိုမြို့ အိန္ဒိယက အသွားအပြန် အိန္ဒိယလေယာဉ်ပျံ ၂ဝဝီ။

ရန်ကုန်မှ နံနက် ၁ဝ-နာရီခွဲ ထွက် ကလကတ္တား လေဆိပ် ၁-နာရီတိတိရောက်သည်။

ပတ္တနားမှ နေ့လည် ၃-နာရီမိနစ် ၃ဝ-ထွက် ၄-နာရီမိနစ်-၃ဝ နီပေါပြည်၏ မြို့တော် ကဋ္ဌမဏ္ဍူမြို့ ရောက်သည်။

မဒရပ်မှ ၁၂-နာရီမိနစ် ၂ဝ-ထွက် ၂- ချက် သီဟိုဠ်ကျွန်း၏ မြို့တော် ကိုလံဘိုမြို့ ရောက်သည်။

ရန်ကုန်မှ ကလကတ္တားမြို့ မိုင်ပေါင်း ၇၅ဂ-ဝေးသည်။

၁၃၂၃-ခု၊ တပေါင်းလပြည့်ကျော် ၄-ရက်၊ စနေနေ့နံနက် ၁ဝ-နာရီခွဲ ရန်ကုန်မြို့ ကမာရွတ်-သာသနာ့ မာရ် အောင် ကမ္ဘာ့ဌာန်းတိုက် ဒုတိယဝိသုဒ္ဓိမဂ်ဆရာတော်-ဦးရေဝတ, ဘုရားဖူး အဖွဲ့သည်၊ မင်္ဂလာဒုံ လေဆိပ်မှ ယူ-ဘီ-အေ (မြန်မာပိုင်) လေ ယာဉ်ထွက်ခဲ့ရာ၊ ကလကတ္တား လေဆိပ်သို့ (မြန်မာ) ၁-နာရီ ရောက်၏။ အိန္ဒိယက ၁-နာရီနောက်ကျသည်။

ကာလကတ္တားမြို့၌ ၃-ရက်နေပြီး၊ တပေါင်းလဆုတ် ၆-ရက် ဂ-နာရီ ၅၅-မိနစ်အချိန် ကာလကတ္တားမြို့ ဟောင်ရာဘူတာကြီး မှ ဂယာမြို့ ဘူတာသို့ ကား ၂ဂ၅-မိုင်၊ မီးရထား ၂၉၂-မိုင်၊ ရထားနှင့်တယောက် စကင်းကာလပ် ၁ဂကျပ်-ပြား ၃ဝ-ပေး၍

www.dhammaransi.com



စီးလိုက်လာရာ၊ တပေါင်းလဆုပ် ၇-ရက် အင်္ဂါနေ့မနက် ၆-နာရီ ဂယာဘူတာရောက်၏။ ဘူတာအဆင်း ကူလီခ ၁ကျပ်-ပြား-၅၀ ပေးရသည်။

ဂယာဘူတာနှင့် ၇-မိုင်ဝေးသော ဗုဒ္ဓဂါယာ စေတီတော်မြတ်ကြီးသို့ တိုင်စီတစည်းဂကျပ်ပေး၍ စီးသွားရာ၊ဗုဒ္ဓါဂါယာ စေတီတော်နှင့် ၂-ဖါလုံခန့် ဝေးသော မြန်မာ ဘုန်းတော်ကြီး ကျောင်း၌တည်းခိုခဲ့၍ ၃-ရက်ကြာနေခဲ့သည်။

## မြတ်ပေါင်းမဥ္ဇူဘုရား မြေပေါင်းကား

မြတ်က = အမြတ် + ပေါင်းက = အပေါင်း + မဥ္ဇူ သ = သေတ္တာ+အမြတ် (အောင်မြေများ)ကို လုံချုံအောင် ထုထားသောဘုရား။

သတ္တာ ရည် ကျို ပြီး၊ သံပုံသွင်းလျက် အတွင်းက အမြတ် အောင်မြေ (၉၅) ခုကို စစ်စည်းနှင့် နယ်၍၊ ဌာပနာထားသော ဘုရားဖြစ်သည်။

| | | |
|---|---|---|
| ၁ | မဟာဗောဓိစေတီတော် | မြေ။ |
| ၂ | အနိမိသသတ္တာဟ | မြေ။ |
| ၃ | စင်္ကမနသတ္တာဟ | မြေ။ |
| ၄ | ရတနာဃရသတ္တာဟ | မြေ။ |
| ၅ | အဇပါလသတ္တာဟ | မြေ။ |
| ၆ | မုစ္စလိန္ဒာသတ္တာဟ | မြေ။ |
| ၇ | ရာဇာယတနသတ္တာဟ | မြေ။ |
| ၈ | မဟာဗောဓိစေတီအနောက်ဘက် ဗောဓိပင် | မြေ။ |
| ၉ | မဟာဗောဓိစေတီအနောက်ဘက် ဗောဓိပင်အရွက်။ | |
| ၁၀ | သုဇာတာ ဃနာနို့ဆွမ်းဆက်ကပ်သောဌာန | မြေ။ |

၁၁ သုဇာတာ လှူသောဃနာနို့ဆွမ်းဘုန်းပေးရာဌာန မြေ။
၁၂ ရွှေခွက်မျောရာ သုပ္ပတိတ္ထ ဆိပ်ကမ်း မြေ။
၁၃ ကာယကတာ သတိ ကမ္မဋ္ဌာန်း စီး ဖြန် သော ဘုရား နေသန့်ရာ မြေ။
၁၄ ဒုက္ကရစရိယ ၆–နှစ် ကျင့်ရာဂူ မြေ။

ဗုဒ္ဓဂါယာဘုရားမှ ဂယာမြို့ ၇–မိုင်၊ ၎င်းမှ ရာဇဂြိုဟ်မီးရထား မိုင် ၁၈၀၊ ကား ၄၁–မိုင်။

၁၃၂၃–ခု၊ တပေါင်းလဆုတ် ၉–ရက်၊ ကြာသပတေးနေ့ နံနက် ၈–နာရီမှ တောင်ငါးလုံး ကာ ခို တဲ့ ရာဇဂြိုဟ်သွားရန် ကားဆိပ်သို့ထွက်ခဲ့သည်။ ကားဆိပ်မှာ ၂-ဖါလုံခန့်ဝေး၏။ ကားဆိပ်မှ ၈-နာရီထွက်ခဲ့သည်၊ ဂယာမြို့မှာ ခေတ္တနား၍ ဂယာမြို့မှ ၉-နာရီခွဲထွက်ခဲ့ရာ ၁၂–နာရီ ရာဇဂြိုဟ်ရောက်သည်။

ကားဆိပ်မှကျောင်းသို့လိုက်ပို့ရန် ကားသမားအား ၂–ကျပ် ပြား ၃၁–ပေးရသည်။ ရာဇဂြိုဟ်သွား ကားခတယောက် ၂–ကျပ် ၃၅-ပြားပေးရသည်။ ရာဇဂြိုဟ်မှာ ၃–ညအိပ်သည်။

၁၅ ရာဇဂြိုဟ်မြို့သစ် အဇာတသတ်မင်း၏ဝေစုရသည့် စထူပစေတီ မြေ။
၁၆ ဝေဠုဝန်ကျောင်းတော်ရာ မြေ။
၁၇ ဝေဠုဝန်ကျောင်းတွင်း ကလန္ဒကရေကန် မြေ။
၁၈ အရှင်မဟာကဿပ၏ ပိပ္ပလိဂူ မြေ။
၁၉ ပဌမသံဂါယနာတင်ရာ သတ္တပဏ္ဏိဂူ မြေ။
၂၀ အဇာတသတ်မင်း ဓာတ်တော်တိုက်စေတီ မြေ။
၂၁ ဇီဝကအမ္ဗဝနသရက် ဥယျာဉ်ကျောင်းတိုက် မြေ။
၂၂ ဗိမ္ဗိသာရမင်း အမောဖြေရာစေတီ မြေ။
၂၃ ဗိမ္ဗိသာရမင်း စစ်သည်ထားခဲ့သော စေတီ မြေ။

www.dhammaransi.com



၂၄ ဂိဇ္ဈကုဋ်တောင် အာနန္ဒာဂူ မြေ။
၂၅ ဂိဇ္ဈကုဋ်တောင် ဂန္ဓကုဋီအောက်ကျောင်း မြေ။
၂၆ ဂိဇ္ဈကုဋ်တောင် ဂန္ဓကုဋီအထက်ကျောင်း မြေ။
၂၇ ရာဇဂြိုဟ်မြို့မြောက် နာလန္ဒကျောင်းတိုက် မြေ။

၁၃၂၃-ခု၊ တပေါင်းလဆုတ် ၁၂-ရက် တနင်္ဂနွေနေ့ နံနက် ၅-နာရီ ၁၅-မိနစ်အချိန် ရာဇဂြိုဟ်မြို့ ကားဆိပ်မှ၊ ပဋ္ဋနာ (ပါဋလိပုတ်ပြည်) ပါဋ္ဌနာမြို့သို့ ရထား သို့မဟုတ် ဘတ်(စ်)ကားနှင့် ၆၂-မိုင်၊ တယောက် ကားခ ၃ကျပ်ပေးစီးရာ၊ ၉-နာရီမတ်တင်းမှာ ပါဋ္ဌနာမြို့ရောက်ပါသည်။

ကားဆိပ်မှ မြို့သစ်(ရာဂျင်ဒြာနာဂတ်စတေးရှင်းအနီး ဗမာကုဋီ)ခေါ် မြန်မာဘုန်းကြီးကျောင်းသို့ ဆိုက်ကား လီရှောစီး၍ သွားရာ တမိုင်ကျော်ဝေး၏။ လီရှော ၅၀-ပြား ပေးရသည်။

၂၈ တတိယ သံဂါယနာတင်ရာ အရှေ့မြောက်ထောင့် မြေ။
၂၉ ၎င်း အရှေ့တောင်ထောင့် မြေ။
၃၀ ၎င်း အနောက်တောင်ထောင့် မြေ။
၃၁ ၎င်း အနောက်မြောက်ထောင့် မြေ။
၃၂ ၎င်း အလယ်တည့်တည့် မြေ။
၃၃ အာသောကာရုံကျောင်းတိုက် မြေ။

၁၃၂၃-ခု၊ တပေါင်းလဆုတ် ၁၃-ရက် တနင်္လာနေ့ နေ့လည် ၁-နာရီ မိနစ်-၃၀၊ ပဋ္ဋနာ (ပါဋလိပုတ်ပြည်) လေဆိပ်မှ နိပေါလေယာဉ်ပျံစီးလာရာ၊ ၄-နာရီ မိနစ် ၃၀-မှာ နိပေါပြည်၏။ မြို့တော်ကာဌမဏ္ဍူမြို့သို့ရောက်၏။ ၇-ရက်ကြာနေခဲ့ပါသည်၊

၃၄ ကာဌမဏ္ဍူမြို့၏ အနောက် မျက် နှာ ဂေါသိင်္ဂသေလ တောင်ပေါ် (သယမ္ဘူစေတီ) မြေ။

အကျယ်ကိုသိလိုမူ သွယမ္ဘူပုရာဏကျမ်းမှာ ကြည့်ပါ။

၃၅ လလိတပူရမြို့ အရှေ့သီရိဓမ္မာသောကမင်းဘုရား မြေ။
၃၆ ၎င်း တောင်သီရိဓမ္မာသောကမင်းဘုရား မြေ။
၃၇ ၎င်း အနောက်သီရိဓမ္မာသောကမင်းဘုရား မြေ။
၃၈ ၎င်း မြောက်သီရိဓမ္မာသောကမင်းဘုရား မြေ။
၃၉ လလိတပူရမြို့ မဟာဗောဓိဘုရား မြေ။
၄၀ ကာဋ္ဌမဏ္ဍုမြို့အနီး သီရိဓမ္မာသောကမင်းကြီး သမီးစာရုမတီ အိမ်ရှေ့မိဖုယားစေတီ မြေ။

၁၃၂၃–ခု၊ နှောင်းတန်ကူးလဆန်း ၃–ရက် စနေနေ့ နံနက် ၁၀–နာရီခန့်မှာ ကား ၂-စီးနှင့် လေယာဉ်ပျံကွင်းသို့ သွားရပါတော့သည်။

ဒကာ – ဒကာမ တွေနှင့် ဆရာတော် ဦးပညာနန္ဒ–ဦးဇဋ္ဌ ဃောသ–ဦးဓမ္မ လောက–ရှင်မေဓင်္ကရ–ရှင်သုဿန-မှ စ၍ မာဂဓိ–သကျသီလ - မာဂဓိ – ဉာဏသီလ - သီလ ရှင် များနှင့် ကျောင်းသူများ ၃၀-ကျော်လောက်လိုက်ပို့ကြပါသည်။

မိမိတို့ရပ်ရွာမှ ပြန်ခါနီးလိုက်လံပို့သကဲ့သို့ အတော်လွမ်းစရာကောင်းပါသည်။ ဗမာစကားမတတ်ကြသော်လည်း မှာလိုက်ပြုလိုက်ထာတွေ ရက်မကြာလို့ မကြေနပ်ပုံတွေ။ စားစရာတွေ အမျိုးမျိုးကပ်ကြနှင့်ပင် ၁၂–နာရီ လေယာဉ်ပေါ်သို့ ကြွရပါတော့သည်။ လိုက်ပို့သူများမှာ အိန္ဒိယ လေယာဉ်ပျံကြီး ကောင်းကင်တက်သွားသည့်အထိ နေပူကြီးမှ ရပ်လျက် လက်ပြနှုတ်ဆက်နေလျက် နိပေါပြည် ကာဋ္ဌမဏ္ဍု မြို့တော်ကြီးမှ ဆရာတော်တို့ ဘုရားဖူးအဖွဲ့သည်။ နိပေါပြည်သူပြည်သား ဒကာ–ဒကာမများနှင့် ခွဲခွါခဲ့ကြရပါတော့သည်။ နိပေါမှ ၁–နာရီ ထွက်လာရာ ပဋ္ဌနာမြို့ ၂–ချက်ရောက်သည်။

www.dhammaransi.com



၁၃၂၃-ခု တန်ကူးလဆန်း ၅-ရက်တနင်းလာနေ့၊ဗာရာဏသီ သွားရန် မီးရထားမှ ဒုတိယတန်း လက်မှတ်ကိုယူ၍၊ တယောက် ၉-ကျပ် ၁၂-ပဲကြ၏။ ပဋ္ဌနာမြို့မှ ၁-နာရီခွဲတိတိထွက်လာရာ ညနေ ၆-နာရီခွဲ ဗာရာဏသီရောက်သည်။ ၁၃၂၃-ခု တန်ကူး လဆန်း ၆-ရက်အင်္ဂါနေ့ ၄-နာရီအချိန် အဖြောင့် ၁-မိုင်၊တာ လမ်း ၇-မိုင်ဝေးသော မိဂဒါဝုန်တောရောက်၏။ လီရှော်တစီး အသွားအပြန် ၂-ကျပ်ပေးရသည်။

၄၁ မိဂဒါဝုန်အဝင် ကားလမ်း၏ လက်ဝဲဘက်တွင် ရှေးဦးစွာ တွေ့ရသောစေတီတော်ကြီးတဆူမှာ မြတ်စွာဘုရား ဗုဒ္ဓဂါယာသတ္တဋ္ဌာနမှ ဣသိပတနသို့ ကြွအလာ ပဉ္စဝဂ္ဂီငါးဦးနှင့် ပဌမအဦးဆုံး တွေ့ရာအရပ် (ပဌမက)စေတီ မြေ။

၄၂ ဓမ္မစကြာဟောရာ (ဓမ္မေခ)စေတီ မြေ။

၄၃ အနတ္တလက္ခဏသုတ်ဟောရာ (ဓမ္မရာဇိက)စေတီ မြေ။

၄၄ နန္ဒိယသူကြွယ်ကျောင်း မြေ။

၄၅ နန္ဒိယကျောင်းတွင်း ဂန္ဓကုဋိတိုက် မြေ။

၄၆ မိဂဒါဝုန်တော-ကျောင်းကြီး ၆-ကျောင်း မြေ။

၁၃၂၃-ခု တန်ကူးလဆန်း ၇-ရက် ဗုဒ္ဓဟူးနေ့ ရထားမှာ တတိယတန်း ဗာရာဏသီမှ ဂေါရပူရသို့ တယောက် ၄-ကျပ် ၇၂-ပြား၊ တိုင်ရဇတ်-အိပ်စဉ်အတွက် ၁-ကျပ် ၄၅-ပြားပေးရပါသည်။

ရထားမှာ ၁၀-နာရီခွဲမှထွက်ပါသည်။ နံနက် ၆-နာရီလောက်မှာ (၁၁၄)မိုင်ဝေးသော ဂေါရပူဘူတာသို့ရောက်၏။ငင်းဘူတာမှ ဘတ်(စ်)ကား ဆိပ်သို့ လီရှော်တစီး ၂၅-ပြားပေး ငှါးရ၏။ ဘတ်(စ်)ကားမှာ ၆-နာရီခွဲမှ စထွက်သော်လည်း ပဌမကား မမှီပါ။ ဒုတိယ ၇-နာရီ ၄၅-မိနစ်မှ ထွက်သည်။(၁၆)မိုင်ဝေး၍ ၁၀-နာရီခန့်မှာ ကုသိနာရုံဆရာတော်-ဦးစန္ဒမုနိထံရောက်ပါသည်။

၂၀၄

www.dhammaransi.com



၄၇ ဘုရားပရိနိဗ္ဗာန်စံရာ ကုသိနာရုံစေတီ မြေ။
၄၈ ကုသိနာရုံအရှေ့ဘက်ကမ္မာသောကမင်းစေတီ မြေ။
၄၉ ကုသိနာရုံဘုရား၏ အနောက်တောင် ဘုရားရှင် နောက်ဆုံး ရှင်အာနန္ဒာ ဆက်ကပ်သော ရေကြည်တော် သုံးဆောင်ရာ ဌာနစေတီ မြေ။
၅၀ ကုသိနာရုံအရှေ့တောင် တမိုင်ခန့်ဝေးသော ဘုရားရှင်တေဇောဓာတ်လောင်းရာ ကုန်းစေတီ မြေ။

၁၃၂၃-ခု နှောင်းတန်ကူးလဆန်း ၉-ရက် သောကြာနေ့ သကြံန်အကျ နေ့ ၁၂-နာရီ ကားနှင့်ဂေါရပူရ်သို့ပြန်ခဲ့ပါသည်။ ကားခ တယောက် နောက်တန်းက ၁-ကျပ် ၃၄-ပြားကြပါသည်။ ၃၆- မိုင်ဝေးပါသည်။ နေ့ ၁၂-နာရီခွဲမှ ဂေါရပူဘူတာရောက်ပါသည်။

ဂေါရပူရ်မှ နှောင်ကားသို့ ၃-နာရီခွဲထွက်သည့် ရထားဖြင့် နောင်ကား သို့ မီးရထား (၅၁) မိုင်၊ ရထားခ တတိယတန်း တယောက် ၁ကျပ် ၃၈-ပြားကြ၏။ ညနေ ၆-နာရီခွဲ နောင်ကား ဘူတာသို့ရောက်သည်။ ဘူတာနှင့်ကပ်လျက်ရှိသော ဗမာဘုန်းတော်ကြီးကျောင်းသို့ ရောက်ပါသည်။

တန်ကူးလဆန်း ၁၀-ရက် စနေနေ့ နံနက် ၆-နာရီခွဲအချိန် နောင်ကား ဘူတာအနီး ကားဆိပ်မှ ဘုရားရှင် ဖွါးတော်မူရာ လုမ္ဗနီ ဥယျာဉ်တော် သို့ ကားဖြင့် ထွက်ခဲ့ပါသည်။ ကားခ တယောက် ၁ကျပ် ၉၁-ပြား ပေးရပါသည်။ ၂၁-မိုင်လောက် ဝေးပါသည်။

၁၃-မိုင်လောက်မှာ အိန္ဒိယအစိုးရနယ်ကုန်ဆုံး၍ ကင်းဂိတ် တခုရှိပါသည်။

www.dhammaransi.com



ကားပေါ်မှပစ္စည်းအထုပ်များကိုမသက်ာလျှင် စုံစမ်းကြည့်ရှုပါသည်။ နယ်ခြားအမှတ်အသားကျောက်တိုင်တခုရှိပါသည်။ နောက်ကျန် ဂ–မိုင်လောက်မှာ နီပေါဘုရင်ပိုင် နီပေါနယ်မြေဖြစ်ပါသည်၊

၅၁ ဘုရားရှင်မွေးဖွါးရာဌာနသိမ်ရိမ္မာသောကမင်းကျောက်တိုင်စိုက်ထူထားရာ မြေ။

၅၂ ထိုဌာနအနီး တောင်ဘက်က ဘုရားရှင် အလောင်းမင်းသားအား သိကြားမင်းရေသွန်းချရာဌာန (ယခုအုဋ္ဌရေကန်ဖြစ်နေသည်) မြေ။

၅၃ ကန်အရှေ့ဘက်ကကျောင်းဟောင်းကျောင်းပျက်နေရာမှာ၊မိထွေးတော်ဂေါတမီထေရီမနှင့် ဇနပဒကလျာဏီထေရီမတို့ သိတင်းသုံးသော ကျောင်းတိုက် မြေ။

တန်ကူးလဆန်း ၁၀–ရက်ညနေ ၆–နာရီ နောင်ကားဘူတာမှထွက်ခဲ့ရာ၊တတိယတန်းတယောက် ၂-ကျပ် ၁၉-ပြားကျသည်။ ည ၁၀–နာရီမှာ ဗာလာရမ္ပူဘူတာရောက်သည်။ ဘူတာနှင့် တည်းခိုရာ ဗမာဘုန်းကြီးကျောင်းမှာ ၁ မိုင်ခွဲဝေးသည်။လီရှော တစင်း ၁၀–ပဲပေး၍ ကျောင်းသို့ရောက်ပါသည်။

၁၃၂၃–ခု နှောင်းတန်ကူးလဆန်း ၁၁–ရက် တနင်္ဂနွေနေ့ နံနက် ၆–နာရီအချိန် ဗာလာရမ္ပူနှင့် ၁၁–မိုင်ဝေးသောသာဝတ္ထိမြို့ဟောင်းနှင့် ဇေတဝန်ကျောင်းတိုက်ကိုသွားရာ၊ လီရှောနှင့်ပင်သွားကြည့်သည်။ အသွားအပြန်တစင်း ၃–ကျပ်ပေးရသည်။

၅၄ သာဝတ္ထိမြို့ဟောင်းမရောက်ခင် ကားလမ်းဘေး လက်ဝဲဘက်က ပဋ္ဌမဆုံးတောင်ကုန်း မြင့်မြင့်ကလေးမှာ ဘုရားရှင် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ရာ "ကဏ္ဍမ္ဗ" သရက်ဖြူပင်

www.dhammaransi.com



နေရာဖြစ်သည်။ ၎င်းနေရာ သိရိဓမ္မာသောကမင်းက စေတီတည်ထား၍ပြိုပျက်ပြီး တောင်ကုန်းလေးသာ့ဘွယ် ဖြစ်နေသည်။ ၎င်း၌ဝါနက မြေ။

၅၅ ထိုတောင်ကုန်းနှင့်လေးဖါလုံ-ငါးဖါလုံခန့်မှာဇေတဝန် ကျောင်းတော်တောင်တံခါး၌ ကောသမ္ဗက ကုဋီနှင့် အ တောင်တရာခန့်အကွာတောင်ဘက်မှာအုဋ္ဌခုံနှင့်ရှိသော ညောင်ပင်မှာ ဘုရားရှင် လက်ထက်က အရှင်အာနန္ဒာ စိုက်ထားခဲ့သော အာနန္ဒာဗောဓိပင်ဖြစ်၏။၎င်းဗောဓိပင် မြေ။

၅၆ ၎င်းဗောဓိအရှက်။

၅၇ မဟာဝဂ္ဂ မဟာပဒါနသုတ် အဋ္ဌကထာလာ၊ ကိုယ်တွေ့ မျက်မြင်အားဖြင့် ကုဋီလေးလုံး ဆက်စပ်လျက် တောင် မြောက်တန်းလျက်တည်ရှိရာတောင်နားဆုံးကုဋီကား-ကောသမ္ဗက ကုဋီ။ အရှေ့ အနောက် ၄၈-တောင်၊ တောင်မြောက် ၄၈-တောင်၊ ၎င်းကုဋီ မြေ။

၅၈ ၎င်း အ နောက် မြောက် ဘက် နား က ဘုရားရှင် အမြဲ သီတင်းသုံးတော်မူသော ဂန္ဓကုဋီ၊ အ ရှေ့ အ နောက် အတောင် ၆၀၊ တောင်မြောက် အတောင် ၄၂၊ ၎င်း ကုဋီ မြေ။

၅၉ ၎င်းဂန္ဓကုဋီရှေ့က တရားဟော တော် မူ ရာ ဓမ္မဆာလာ (ဓမ္မာရုံ)အရှေ့အနောက် အတောင် ၄၀၊တောင်မြောက် အတောင် ၆၀။ ၎င်းကုဋီ မြေ။

သတ္ထာဂန္ဓကုဋိယံ နိသိန္နော၀တေသံ ဘိက္ခူနံကထံသုတွာ ဂန္ဓကုဋိတော နိက္ခမိတွာ ဓမ္မသဘံ ပဝိသိတွာ ပညတ္တေ အာသနေနိ သီဒိတွာ။

ဓမ္မပဒ အဋ္ဌကထာ အညတရပုရိသဝတ္ထု၊ ဆဋ္ဌမူ-၂၈၉။

www.dhammaransi.com



သတ္တာ၊မြတ်စွာဘုရားသခင်သည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိနိုက်။ နိသိန္နော၀၊ နေလျက်သာလျှင်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့၏။ ကထံ၊စကားကို။ သုတွာ၊ ကြား၍။ ဂန္ဓကုဋိတော၊ ဂန္ဓကုဋိမှ။ နိက္ခမိတွာ၊ထွက်၍။ဓမ္မသဘံ။တရားဟောရာ။(ဓမ္မာရုံ)ဓမ္မသဘင်သို့။ ပဝိသိတွာ၊ဝင်၍။ ပညတ္တော၊ခင်းထားအပ်သော။ အာသနေ၊ဘုရားနေရာ၌။ နိသီဒိတွာ၊ နေ၍။

၆၀ ၎င်းမြောက်ဘက် ကုဋိကား သလင္ဂာဂါရကုဋိ၊ အရှေ့အနောက် အတောင် ၂၇၊တောင်မြောက် ၃၂-တောင်၊ ၎င်းကုဋိ မြေ။

၆၁ ဓမ္မဆာလာ အနောက် တောင်ဘက်နားက ကရေရိကုဋိ၊ အ ရှေ့ အ နောက် အ တောင် ၇၁၊ တောင် မြောက် အတောင် ၆၄။ ၎င်းကုဋိ မြေ။

ထိုကုဋိလေးလုံးမှာ အရှေ့အနောက်အလျားတဆယ့်တခန်းစီ၊တောင်မြောက်အနံအားဖြင့် ကိုးခန်းစီရှိကြ၏။ ယခုမျက်မြင်အားဖြင့် အုဋ္ဌ်ခုံ ၂-တောင်ထွာ၊၃-တောင်ခန့်စီရှိကြသေးသည်။

တန်ကူးလဆန်း ၁၁-ရက်ညနေ ၂-နာရီလောက် သင်္ကာသပြည်သွားရန် ကျောင်းကထွက်ခဲ့သည်။

ဗာလမ္ပူဘူတာမှ ညနေ ၃-နာရီထွက် ရထားကိုစီးရသည်။ လက္ခနောင်း ဘူတာထိ တတိယတန်း လက်မှတ်ခံယူ စီးရသည်။ တယောက် ၃-ကျပ် ၆၀-ပြားကြသည်။

လက္ခနောင်းထိ လက် မှတ် ခံ သော် လည်း ဂုန္ဒာက ရထားပြောင်းစီးရသည်။ ဂုန္ဒာသို့ ၄-နာရီရောက်။

လက္ခနောင်းသွားမည့်ရထားကိုကြိုစီးရသည်။ ၎င်းရထားမှာ ၅-နာရီလောက်လာသည်။ ဆက်ထွက်၍ ၈-နာရီလောက်မှာ လက္ခနောင်းဘူတာကြီးသို့ ရောက်သည်။လက္ခနောင်းမှဖရုခပတ်

www.dhammaransi.com



သွားရန်ခရီးမှာ ညခရီးသည်အတွက် ဒုတိယတန်းလက်မှတ်ယူရသည်။ တယောက် ၇-ကျပ် ၄၀-ပြားကြသည်။

ည ၁၀-နာရီလက်ခွနောင်းမှ ထွက်ခဲ့ရာ မနက် ၄-နာရီခွဲ ဖရူခပတ်ဘူတာသို့ ရောက်သည်။ ၎င်းဘူတာမှ ပက္ကနားဘူတာသို့ သွားရန် ရထားပြောင်းစီးရဦးမည်။

ပက္ကနားထွက်မည့်ရထားမှာ ၉-နာရီ ၁၀-နာရီမှ ထွက်မည် ဖြစ်၍ ဖရူခပတ်ဘူတာမှ ၄-နာရီခန့် ကြာ အောင် စောင့် နေရသည်။

ဖရူခပတ်မှ နံနက် ၉-နာရီ ၁၅-မိနစ် ထွက်ခဲ့သည်။ တတိယတန်းတယောက် ၅၃-ပြားပေးရသည်။ ရထားမှာ အစကထွက်သောဌာနဖြစ်၍ တွဲပိုင်ဖြင့် သွားသလို ချောင်ပါ၏။ ၁၁-နာရီလောက် ပက္ကနားဘူတာရောက်သွားသည်။

၁၃၂၃-ခု နှောင်းတန်ကူးလဆန်း ၁၂-ရက် တနင်းလာနေ့ နံနက် ၁၁-နာရီအချိန် မြင်းလှည်းတစီးဖြင့် ၆-မိုင်ဝေးကွာသော ဘုရားရှင် တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာဌာန ဖြစ် သော သင်္ကဿနဂိုရ် ပြည် သို့ ၁၂-နာရီ ရောက် ၏။ တယောက်အသွားအပြန် ၁-ကျပ် ပေးရသည်၊

၆၂ သုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာကို ဟောတော်မူပြီး၍တာဝတိံသာနတ်ပြည်မှသက်ဆင်းရာ သင်္ကဿမြို့ တောင်တံခါး ပဌမခြေတော်တည်ရာ "ပဌမပဒဂဏ္ဍိက" အဖုအထစ်နှင့် တူသော အရပ်။ ၎င်းဌာနက မြေ။

၆၃ ၎င်းအရပ် ဗေါဓိပင် မြေ။

၆၄ ၎င်းဗေါဓိပင်အရှက်။

၆၅ သင်္ကဿမြို့ သီရိမ္မာသောကမင်း တည်စေတီ မြေ။

www.dhammaransi.com



ရင်းမှပြန်ခဲ့သည်။ ရင်းနေ့ညနေ ၃-နာရီ ပက္ကနားဘူတာမှ ဂုန္ဒာဘူတာသို့လိုက်ခဲ့သည်။ ရင်းဘူတာသို့ညနေ ၆-နာရီခွဲရောက်သည်။ တယောက် ၇ ကျပ် ၁၉-ပြားကြသည်။

ဂုန္ဒာဘူတာမှာ ရထားပြောင်းရန် စောင့်ဆိုင်းနေပါသည်။ ည ၁-နာရီမှတခြားကလာသောရထားကိုကြို၍စီးရန်ဖြစ်သည်။ ၁ နာရီအချိန်ရထားလာ၍ တက်စီးရာ မနက် ၆-နာရီနယူးဒေလီ ဟောင်းသို့ရောက်သည်။

၁၃၂၄-ခု တန်ကူးလဆန်း ၁၃-ရက်အင်္ဂါနေ့ ၆-နာရီ စတုရန်း ၂၅-မိုင် အကျယ်အဝန်းရှိ ဒေလီမြို့ နယူးဒေလီစတေးရှင်း အနီး စီလုံရပ်ဆောက် သို့ တိုင်စီ ၅ ကျပ်ပေးသွားရသည်။

၆၆ မြို့နှင့် အတော်ဝေးသော ကုသုမိနမျှော်စင်အနီး မြေမှာ သောကမင်းကြီးကျောက်တိုင် မြေ။

၆၇ ကမ္ဘာသိ နိဂုံးနေရာ သတိပဋ္ဌာန် တရားဟောတော်မူရာ ဌာန ဓမ္မာသောကမင်းကြီးကျောက်တိုင် မြေ။

၁၃၂၄-ခု တန်ကူးလဆုတ် ၁-ရက်သောကြာနေ့ မဒရပ် ရထားစီးရန် ဒေလီဟောင်းဘူတာရုံသို့ ၈-နာရီ ၉-နာရီရောက်သည်။

ရထားမှာ တတိယတန်း အိပ်စင် ယူထားသည်။ မိုင်ပေါင်း ၁၂၀၀-ကျော် ခရီး ကို ရထား ပေါ်၌ ၂-ည အိပ်သွားရသည်။ ၁၁-နာရီအချိန် ဒေလီမြို့ဟောင်းမှထွက်ခဲ့သည်။

ရင်းလဆုတ် ၃-ရက်အင်္ဂါနေ့ မဒရပ်ဘူတာ ၂-နာရီရောက်၏။ မဟာဗောဓိကျောင်းတိုက် ၃-နာရီရောက်သည်။

၁၃၂၄-ခု တန်ကူးလဆုတ် ၄-ရက် တနင်္လာနေ့ မဒရပ် မဟာဗောဓိတိုက်မှ ၉ နာရီသွား လေယာဉ်ရုံး ၁၀ နာရီရောက်

www.dhammaransi.com



၏၊ ၁၂-နာရီ မိနစ် ၂၀-လေယာဉ်ပျံ မဒရပ်က ထွက်လာရာ၊ ကိုလံဘိုမြို့ ၂-ချက် လေယာဉ်ပျံ ရောက် ၏။ ၅-နာရီ ဝိနယာလင်္ကာရပရိဝေဏတိုက်ရောက်သည်။

ရင်းလဆုတ် ၇-ရက် အနုရာဓမြို့ ရောက်သည်။

| | | | |
|---|---|---|---|
| ၆၈ | အဘယဂိရိစေတီ | | မြေ။ |
| ၆၉ | ဇေတဝနာရာမစေတီ | | မြေ။ |
| ၇၀ | မဟာစေတီအရှေ့မြောက်ထောင့် | | မြေ။ |
| ၇၁ | ၎င်း | အရှေ့တောင်ထောင့် | မြေ။ |
| ၇၂ | ၎င်း | အနောက်တောင်ထောင့် | မြေ။ |
| ၇၃ | ၎င်း | အနောက်မြောက်ထောင့် | မြေ။ |
| ၇၄ | လောဟပါသာဒကြေးပြာသာဒ်အရှေ့မြောက်ထောင့် | | မြေ။ |
| ၇၅ | ၎င်း | အရှေ့တောင်ထောင့် | မြေ။ |
| ၇၆ | ၎င်း | အနောက်တောင်ထောင့် | မြေ။ |
| ၇၇ | ၎င်း | အနောက်မြောက်ထောင့် | မြေ။ |
| ၇၈ | ၎င်း | အလယ်တည့်တည့် | မြေ။ |

**မှတ်ချက်။** ။လောဟပါသာဒကြေးပြာသာဒ်ကျောက်တိုင် အတန်း ပေါင်း (၄၀) တတန်း လျှင် တိုင် (၄၀) တိုင် ပေါင်း (၁၆၀၀) ဘုံ ၉-ဆင့် ကုဋေ (၃၀) ကုန်ကြသည်။

| | | |
|---|---|---|
| ၇၉ | ဒက္ခိဏသာခ ဗောဓိပင်အရွက်။ | |
| ၈၀ | ဣသုရုမုနိစေတီ | မြေ။ |
| ၈၁ | သံဃမိတ္တာ ပင့်ဆောင်လာသော ဗောဓိပင် အတက်ပွါး အရွက်။ | |
| ၈၂ | ၎င်းအပင် | မြေ။ |
| ၈၃ | မဟာဝိဟာရကျောင်းတိုက် | မြေ။ |
| ၈၄ | ထူပါရာမစေတီ | မြေ။ |

www.dhammaransi.com



၈၅ လံကာရာမစေတီ မြေ။
၈၆ မရိစ္စဝဋ္ဋိစေတီ မြေ။
၈၇ ဒမ္ဗုလလိုဏ် မြေ။
၈၈ မဟိန္ဒလေ့တောင်-အမ္ဗတ္ထလစေတီ မြေ။
၈၉ စတုတ္ထသံဂါယနာတင်ရာ အာလောကလိုဏ် မြေ။
၉၀ ကန္ဒီမြို့ စွယ်တော် မြေ။
၉၁ ပေပေါင်း (၇၃၆၀) အမြင့်ရှိသော စေတီပါဒတောင် ဘုရားခြေတော်ရာအစစ် မြေ။
၉၂ ကလျာဏီစေတီ မြေ။
၉၃ သီဟိုဠ်ကျွန်းကလျာဏီမြစ် မြေ။
၉၄ သီဟိုဠ် သက်ကနက်သားအမှုံ့

အကျိုးကားသီဟိုဠ်သက်ကနက်သားကား မီးမလောင်။

၉၅ တရိကန္တအသားအမှုံ့

**အကျိုးကား**

ရွှေဘိုမြို့နယ်( )ရွာ ကျောက်ဖြာအောက်က နှစ်ပင် ပေါက်ထွက်လာပြီး အပေါ်ကြမှ တပင်တည်း ဖြစ်သွား၏။ ဆူး သုံးခွဆိုင် လူခြေရာကို ၎င်းဆူးနှင့်ထိုး လူသေ၏။ သစ်ပင်ပေါ် နားသောငှက်အရိပ်ကို ဆူးနှင့်ထိုး ကျလာ၏။ ၎င်းအပင်ကို ဆရာ များဖြတ်လျှင် ဖြတ်ဆဲ သွေး အံ ၏ ဖြတ် ၍ မရ" ဖြတ် ယူ လျှင် သွေးအံသေ၏။

၁၃၂၄ ခု တန်ကူးလဆုတ် ၁၂-ရက်အင်္ဂါနေ့သီဟိုဠ်ကျွန်း ကိုလံဘိုမြို့မှ ၃-နာရီခွဲထွက်သော လေယာဉ်ပျံစီးလာရာ မဒရပ် သို့ ၅ နာရီမိနစ် ၄၀-မဒရပ် မဟာဗောဓိအသင်းတိုက်တွင် တည း အိပ်သည်။

၎င်းလဆုတ် ၁၃-ရက်နေ့ည ၉-နာရီ မိုင်ပေါင်း ၇၅၈-မိုင်

www.dhammaransi.com



ဝေးသော မဒရပ်မြို့မှ ကာလကတ္တားသို့ ရထားစီးလာရာ ကဆုန်လဆန်း ၁-ရက်ကာလကတ္တားမြို့ နေ့ ၁၂-နာရီရောက်သည်။

၁၃၂၄-ခု ကဆုန်လဆန်း ၄-ရက်တနင်းလာနေ့ မိုင် ၇၅၀-မိုင်ဝေးသော အိန္ဒိယပြည် ကာလကတ္တားမြို့မှ လေယာဉ်ပျံဖြင့် ၁၁-နာရီ ၁၅ မိနစ်အချိန်တွင် ထွက်လာရာ ၂-နာရီ ၂၂-မိနစ် အချိန်တွင် ရန်ကုန်မြို့သို့ ပြန်ရောက်ခဲ့ကြပါသည်။

## မြတ်ပေါင်းမဥ္ဇူ ဘုရား

### ကိုးကွယ်ကြသော ပုဂ္ဂိုလ်များ

၁ ဒုတိယ ဝိသုဒ္ဓိမဂ်ဆရာတော်-ဦးရေဝတသာသနာ့မာရ်အောင်ကမ္မဋ္ဌာန်းဌာန-ကမာရွတ်, ရန်ကုန် ၁-ဆူ။
၂ ဘုန်းတော်ကြီး ဦးရာဇိန္ဒ-မဟာသုခကာရီ မင်းကွန်းဇေတဝန်ကမ္မဋ္ဌာန်းတိုက် တောင်သာမြို့ ၁-ဆူ။
၃ ဦးအာစရ-အိုးဘိုရွာ, တောင်သာမြို့နယ် ၁-ဆူ။
၄ ဦးပွ-မထွေး, စဉ့်လူလမ်း-အောင်ဆန်းမြို့ ၁-ဆူ။
၅ ဦးကျော်မြ-မထွေးစိန်, ကမာရွတ်-ရန်ကုန် ၁-ဆူ။
၆ ဦးဖိုးထွန်း-သီမီး မရွှေလှိုင်, မန်ကျည်းချီရွာ တောင်သာမြို့ ၁-ဆူ။
၇ ဦးဥတ္တမ-ဘိုလေးမြို့ ၁-ဆူ။
၈ ဦးစည်, သမိုင်း-ရန်ကုန် ၁-ဆူ။
၉ ဦးပျော့, သူဌေးကုန်းရွာ-သံလျင်မြို့ ၁-ဆူ။
၁၀ ဦးပန်းနား-ဒေါ်မြကြင်, ကောင်စီလမ်း-သံလျင်မြို့ ၁-ဆူ။
၁၁ ဦးစံတင်-ဒေါ်မြရင်, ထန်းပင်ကုန်း-သံလျင်မြို့ ၁-ဆူ။
၁၂ ဦးနေထွန်း-ဒေါ်အေးကျင်, သိပ္ပံလမ်း-သံလျင်မြို့ ၁-ဆူ။
၁၃ ဦးထွန်းတင်-ဒေါ်သန်း, ဆေးရုံအနီး သံလျင်မြို့ ၁-ဆူ။

www.dhammaransi.com



၁၄ ဦးကျော်သန်း ဒေါ်စောမြင့်, သိပ္ပံလမ်း-
သံလျှင်မြို့ ၁-ဆူ။
၁၅ ဦးမြသွင် ဒေါ်မြရင်, မြို့မလမ်း သံလျှင် ၁-ဆူ။
၁၆ ဦးမင်းဟန်, ဆေးဆရာကြီး မကြီးကြီးလမ်း
ရန်ကုန် ၁-ဆူ။
၁၇ ဒေါ်လှရှင်, မူဝံလမ်း-သံလျှင်မြို့ ၁-ဆူ။
၁၈ ကိုအေး-မနီ, ရန်ကင်း-ရန်ကုန် ၁-ဆူ။
၁၉ ဦးဘိုကြီး-မမြကြည်, သံလျှင်မြို့ ၁-ဆူ။
၂၀ ဒေါ်စိန်မြ-မတင်ညွန့်, မူဝံလမ်း-သံလျှင်မြို့ ၁-ဆူ။
၂၁ ဦးသန်းတင်-ဒေါ်မွေ, ကျောင်းလမ်း-သံလျှင်မြို့ ၁-ဆူ။
၂၂ မအေးမြင့်, မူဝံလမ်း-သံလျှင်မြို့ ၁-ဆူ။
၂၃ ဦးသာဘုံ ဒေါ်ကြိုင်, မြို့သစ်လမ်း-သံလျှင်မြို့ ၁-ဆူ။
၂၄ ဒေါ်ခင်ညွန့်, ဟံသာဝတီလမ်း-သံလျှင်မြို့ ၁-ဆူ။
၂၅ ဦးမြချစ်-ဒေါ်ပွင့်ကြည်, ဗဟန်း-ရန်ကုန် ၁-ဆူ။
၂၆ ဦးသာမောင်-ဒေါ်ဝင်းမြ, ဟံသာဝတီလမ်း-
သံလျှင်မြို့ ၁-ဆူ။
၂၇ ဦးထွန်းဟန်, ဝဲကြီးရွာ-ကျောက်တန်းပိုင် ၁-ဆူ။
၂၈ ကိုမြင့်သောင်း, ဟံသာဝတီလမ်း-သံလျှင် ၁-ဆူ။
၂၉ ကိုဘညွန့်-မခင်ရှိန်, သူဌေးကွင်းရွာ-သံလျှင်မြို့ ၁-ဆူ။
၃၀ မခင်စု-ကျောင်းဆရာမ, ဟံသာဝတီလမ်း-
သံလျှင်မြို့ ၁-ဆူ။
၃၁ ဦးပါ, လမ္မတော်လမ်း-သံလျှင်မြို့ ၁-ဆူ။
၃၂ ကိုကျော်စိုး, ဟံသာဝတီလမ်း-သံလျှင်မြို့ ၁-ဆူ။
၃၃ ဦးကျော်သိန်း-ဒေါ်ကျင်ယုံ, ဟုန်းလမ်း-ရန်ကုန် ၁-ဆူ။
၃၄ ဦးဘသောင်-သွီး မကျော့, ဟံသာဝတီလမ်း-
သံလျှင်မြို့ ၁-ဆူ။

www.dhammaransi.com

# မြွတ်ပေါင်းမဍ္ဍုဘုရားသမိုင်း

ဦးဖိုဂေါင်-ဒေါ်စောမိ, ရုံးသပြေကန်ရွာ-
သံလျှင်မြို့ ၁-ဆူ။
မချင်ရင်မြင့်-မအုံးချို, ဟံသာဝတီလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးမြဟန် ဒေါ်ကြည်, သံလျှင်ရဲဌာန ၁-ဆူ။
ဒေါ်စောအိ, ဟံသာဝတီလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးခကျော်, ဘုရားလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးလှိုင်၊ ဒေါ်ခင်ရွှေ, ဟံသာဝတီလမ်း- ၁-ဆူ။
ဦးလောရှင်-ဒေါ်စိန်ဥ, ထန်းပင်ကုန်း-
သံလျှင်မြို့ ၁-ဆူ။
မမြင့်သန်း-မသန်းနွဲ, ကျောင်းဆရာမ-ဟံသာဝတီလမ်း
သံလျှင်မြို့ ၁-ဆူ။
ဦးမျိုးညွန့်-ဒေါ်ကြည်, သံလျှင်ရဲဌာန ၁-ဆူ။
ဦးတင်ဦး-မလှမြင့်, ဟံသာဝတီလမ်း-သံလျှင်မြို့ ၁-ဆူ။
ကိုသောင်းညွန့်-မကြည်, ဘုရားလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးတင်လှ-ဒေါ်ခင်ကြည် ၁-ဆူ။
မောင်ငွေချစ်-မကြည်ကြည်ကျော်, သံလျှင်မြို့ ၁-ဆူ။
ဦးဘထွန်း-ဒေါ်စောဝိန်, မှူပံလမ်း-သံလျှင်မြို့ ၁-ဆူ။
ဒေါ်သိန်းရွှေ-ဆေးဆရာမ, မြို့သစ်လမ်း-
သံလျှင်မြို့ ၁-ဆူ။
ဒေါ်ငွေဇဥ်, ပြည်တော်သာလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးစိုးမောင်-ဒေါ်စိန်ရင်, မှူပံလမ်း-သံလျှင်မြို့ ၁-ဆူ။
ဦးလှ-ဆေးဆရာ, မခင်တင့်, ကမာရွတ်-ရန်ကုန် ၁-ဆူ။
ဦးညိုပု-ဒေါ်စိုးတင်, ဗိုလ်ချုပ်လမ်း ဟသ်ာတမြို့ ၁-ဆူ။
ဦးမြမောင်-သန်းသန်း, ဗိုလ်ဘဌေထောင်-ရန်ကုန် ၁-ဆူ။
ဦးဝိုးမောင်-မအေးသိ, သမီး-မသိန်းရင်, မကျည်းချိုရွာ
တောင်သာမြို့နယ် ၁-ဆူ။

www.dhammaransi.com



ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မြတ်ပေါင်း မဉ္ဇူ ဘုရား ပေါင်း ဒုတိယ ဝိသုဒ္ဓိမဂ် ဆရာတော် ဦးရေဝတ၏ သက်တော် (၅၅)ဆူတိတိရှိ၏။ အပိုအယုတ်မရှိဖြစ်လေသတည်း။

ဤကားအကျဉ်း၊ အကျယ်ကို ဗုဒ္ဓပွင့်ရာ မဇ္ဈိမာ
ကျမ်းကြီးကိုကြည့်ရှုပါ။

## မြတ်ပေါင်းမဉ္ဇူ ဘုရားသမိုင်း ပြီးပြီ။

၁၃၂၅-ခု နယုန်လဆန်း ၁၅-ရက် ကြာသပတေးနေ့ပြီး၏။

အာနန္ဒ၊ အာနန္ဒာ၊ သင္ဒါ၊ ရတနာသုံးတန် ကံ ကံ၏အကျိုး ဘဝသုံးမျိုးကို ယုံကြည်၍ သဒ္ဒါတရားနှင့် ပြည့်စုံကုန်သော ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်ရှင်း။ ဘိက္ခုနီယော၊ ရဟန်း မိန်းမတို့သည်ရှင်း၊ ဥပါသကာယော၊ သီတင်းသည်ယောကျ်ား တို့သည်ရှင်း၊ ဥပါသိကာယော၊သီတင်းသည်မိန်းမတို့သည်ရှင်း။ ဣဓ၊ ဤအရပ်၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဇာတော၊ ဖွါးတော်မူ၏။ ဣတိပိ၊ ဤသို့ရှင်း။ ဣဓ၊ ဤအရပ်၌။ တထာ ဂတော၊ မြတ်စွာဘုရားသည်။ အနုတ္တရံ၊ အတုမရှိသော၊ သမ္မာ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော် မူ၏။ ဣတိပိ၊ ဤသို့ရှင်း။ ဣဓ၊ ဤအရပ်၌။ တထာဂတေန၊ မြတ်စွာ ဘုရားသည်။ အနုတ္တရံ၊ အလွန်မြတ်စွာသော။ ဓမ္မစက္ကံ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ ဟောတော်မူအပ်၏။ ဣတိပိ၊ ဤသို့ရှင်း။ ဣဓ၊ ဤအရပ်၌။ တထာဂတော၊ မြတ်စွာဘုရားသည်၊ အနုပါဒိ သေသာယ၊ ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတု ယာ၊ နိဗ္ဗာနဓါတ်ဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဣတိပိ၊ ဤသို့ရှင်း။အာဂမိဿန္တိ၊လာလတ်ကုန်လတ္တံ့။

အာနန္ဒ၊ အာနန္ဒာ၊ ယေဟိကေစိ၊ ခပ်သိမ်း ကုန်သော သူတို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော လူ့ နတ်ဗြဟ္မာတို့သည်၊ စေတိယ စာရိကံ၊ စေတီကိုဖူးမြင်ခြင်းငှါ သွားခြင်းကို ဝါ၊ ဘုရားကိုဖူးမြင်ခြင်းငှါ သွားခြင်းကို။ အာဟိဏ္ဍန္တာ၊ လှည့်လည်ကုန်စဉ်၊ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ်ရှိကုန်သည်ဖြစ်၍။ အန္တရာ၊ ခရီးအကြား၌။ ဝါ၊ ဘုရားဖူးသွားစဉ် အခါ၌။ ကာလံ၊ စုတေခြင်းကို။ ဝါ၊ သေခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ တေသဗ္ဗေ၊ ထိုအလုံးစုံသော လူ့ နတ်ဗြဟ္မာတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏၊ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ သေသည်မှ၊ ပရံ၊ နောက်ဘဝ၌။ သုဂတိံ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာ ရောက်လာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့၊ ဥပပဇ္ဇိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဒီဃနိကာယ်-သုတ်မဟာဝါ ပါဠိတော်
မဟာပရိနိဗ္ဗာနသုတ် ဆင့်မှူ စာချက်နှာ ၁၁၆။

## အထူး မေတ္တာ လက်ဆောင်
## သူရဿတီမန္တန်တော်ကြီး

သူရဿတီ ဒေဝီစ၊ မေ-မာတာ၊
မာတာစ-မေ-သူရဿတီ ဒေဝီ၊
အနုကမ္ပံ-ဥပါဒါယ၊ ဉာဏမေ-အမှို၊
ဒေဟိ-တုံ၊ ဉုံ-ဘဒ္ဒေ-သူရဿတီ၊ ဝရက-ဒေဝီ၊
ဗြဟ္မ-ကညာ၊ သာသနေ-ဝိဇာနေယျ၊
မေ-မုခေ၊ ဣမေ-ခယံ-တိဋ္ဌတု၊ သြက္က-မန္တိ၊
ဗုဒ္ဓ-သာ-သာသနေ၊သြောင်းကာ။ ။

မန္တန် ထွက်ရပ် ကျမ်းကြီး ပါဠိ

**အနက်ကား။** ။သူရဿတီ-ဒေဝီ၊ ငွေဟင်္သာစီး။ သူရဿတီ

www.dhammaransi.com



အမည်ရှိသော နတ်သမီးသည်။ မေ–မမ၊ နေ့ရောညဥ့်ပါ၊ ဘယ်ခါ မလပ်၊ အထပ်ထပ်ပင်၊ မပြတ်ပါရ၊ အမျှဝေခါ၊ မေတ္တာပို့ခြင်း၊ ပြန့်သင်း–နံ့သာ၊ ပန်းကုမ်းရာတို့ဖြင့်၊ မချားနေ့ည၊ တင်သ–ဝေ ဖြန်းခြင်းရှိသော–အကျွန်ုပ်၏၊ မာတာ၊ ရွှေးကလွန်လေ၊ အတိ တေက၊ ဘဝများမြောင်၊ ကောင်းအောင်စောင့်မ၊ ဒါနိစ္စဖြင့်၊ ဘဝထိုထို၊ ရွှေးအဟိုက၊ ကိုယ်မှဖြစ်ပွါး၊ မွေးသည်သားနှင့်၊ မချား အတူ၊ မိကောင်းဟူသည်။ သူရဿတီ၊ တလီမခွ၊ ဤဘဝဝယ်၊ မ-စ–မသွေ၊ စောင့်မနေသဖြင့်၊ အမိဖြစ်ပေသော။ သူရဿ တီ၊ အမည်မွေးစွာ၊ ဘွဲ့နာမဖြင့်၊ သာယာပြန့်သင်း၊ အချင်းခပ်သိမ်း၊ မတိမ်းယိမ်းရ၊ စစရာရာ၊ အဖြာဖြာမျိုး၊ ကောင်းကျိုးချမ်းသာ၊ ပေးတတ်စွာသော၊ အမိသဘွယ်ဖြစ်ပေ၏။ မေ–မမ၊ မိမျိုးဖမျိုး၊ အရိုးစဉ်ဆက်၊ ခုလက်ထက်တိုင်၊ ပိုင်ပိုင်နိုင်နင်း၊ စောင့်မခြင်း ကြောင့်၊ အချင်းခပ်သိမ်း၊ တိမ်းယိမ်း–သိမ်းပယ်ခြင်းမရှိသော အကျွန်ုပ်၏။ မာတာ၊ အမိသဘွယ်ဖြစ်သော၊ သူရဿတီဒေဝီနတ် သမီး၊ တို့၊ အမိသဘွယ်။ အမိနှင့် တူသော သင်သည်။ မေ-မံ၊ အကျွန်ုပ်ကို။ အနုကမ္ပ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းတခု၊ အစွဲပြု၍။ မေ–မမ၊ အကျွန်ုပ်အား။ ဉာဏံ၊ အရာ ခပ်သိမ်း၊ သိနိုင်သော လောကီ–လောကုတ္တရာ ဉာဏ်ပညာကို။ ဒေဟိ၊ သဒ္ဒါမေတ္တာ၊ ပညာရွှေ့သွား၊ ဆန္ဒအားဖြင့် ပေးပါလော့။ အဟံ၊ အကျွန်ုပ်သည်၊ (ထည့်)။ တံဉာဏံ၊ ထိုအမိသဘွယ်–သူရဿ တီ နတ်သမီးက ပေးအပ်သောဉာဏ်ကို၊ ဂူဠှန္တော၊ လိုခြင်တောင်း တသည်။ (ထည့်)။ အမို၊ ကေန်စင်စစ်ဖြစ်ပါ၏။

ဝရကဒေဝီ၊ မြတ်သော ရွှေအဆင်းနှင့် တူသော နတ်သမီးဖြစ် သော။ ဘဒ္ဒေ–သူရဿတီ၊ အိုသူရဿတီနတ်သမီး။ တို့၊ သင်နတ်သမီး သည်၊ (ထည့်)။ ဥံသိဗ္ဗူသိ၊ ဥပါဒ်ဘေးဒဏ်၊ ရန်မာန်အပေါင်းကို၊ ကာရံစောင့်ရှောက်ပြီးမြောက်၊ အောင်မြင်ပါစေသတည်း။

www.dhammaransi.com



အသာဗုဒ္ဓသာ၊ ဂုဏ်တော်အနန္တ သခင်၊ ဘုရားရှင် ကိုယ်တော်မြတ်၏။ သာသနေ၊ သင်အပ်သော ပိဋကသုံးပုံဟူသော ပရိယတ္တိသာသနာ။ မင်ဖိုလ်၏ ပါဒက ဖြစ်သော သီလ–သမာဓိ–ပညာဟူသော ပဋိပတ္တိသာသနာ။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓသောသနာတော်၌၊ ဗြဟ္မကွံ၊ ဗြဟ္မာမင်း၏ မျက်စိသဘွယ်ဖြစ်သော။ သိက္ခာသုံးဝ၊ ဗဟုသုတဟု ဆိုအပ်သော ကိုယ်ကျင့်တရားတော်များကို။ပုညဝါ၊ဘုန်းသမ္ဘာရှင်၊လုံ့လရှင်နှင့်၊ဉာဏ်ရှင်ဖြစ်သောကောင်းမှု၊ ပုဗ္ဗစကတ–ပုည စက်ရှိသော၊ ပညာ ရှိသူ တော်ကောင်းသည်။ (ထည့်)။ဝိဇာနေယျ၊ သိအောင်အားထုတ်ရာ၏။ မေ-မမ၊ အကျွန်ုပ်၏။ မုခေ၊ဘွဲ့ကြောင်းဖြစ်လျှင်း။နှုတ်ခံတွင်း၌။ ဣမေ ဓမ္မာ၊ ဤသိက္ခာသုံးဝ၊ ဗဟုသုတ–ဓမ္မအနှစ်၊ တရားစစ်တို့သည်။ ဩက္က–မန္တ၊ ကလျာဏမိတ္တ၊ အမှီရသဖြင့်၊ လုံးဝသက်ဝင်ကုန်၏။ အယံ-ဓမ္မော၊ ဤသိက္ခာသုံးဝ ဗဟုသုတဟူသောတရားသည်။ အခယံ-အခယော၊ ကုန်ခမ်းမရှိ၊ လွန်ပေါဘိ်လျက်။ တိဋ္ဌတု၊အမြဲမသွေ၊ တည်ပါစေသတည်း။

အယံ–ဓမ္မော၊ ဤသိက္ခာသုံးဝ။ ဗဟုသုတ–ဓမ္မအနှစ်သာရဖြစ်သော တရားတော်သည်။ ....ကပ်–ကပ္ပံ၊ ကမ္ဘာများစွာ ကာလပတ်လုံး။

(အယံ ဓမ္မောကား–ဣမေကို ဝိဘတ်ပြင်၍ နောက်ကြိယာအားလျော်စွာ လိုက်စပ်ရသည်။ ပိဋကတ်သုံးပုံ–ဤနည်းချည်း–သိခဲလှသည်။ အာစရိယပရမ္ပရလက်ထပ်ရမှ သိနိုင်သည်။)

ဗုဒ္ဓသာ၊သုံးလူထွဋ်ထား၊ရှင်တော်ဘုရား၏။သာသနေ၊ဘုရားစစ်မှန်၊ ထုတ်ပြန်မိန့်အပ်၊ သာသနာတော်သုံးရပ်၌။ ဣဓ္ဓိတတ္တံ၊ မိမိအလိုရှိတိုင်းသောလောကီ-လောကုတ္တရာအကျိုးကို။(ထည့်) အာဝဟန္တော၊ ရွေးရှုဆောင်တော်မူလျက်။ (ထည့်)။ ဩြေင်း

www.dhammaransi.com



သမိဒ္ဓျတူ၊ အလိုပြီးနေသက်၊ ခရီးပေါက်၍၊ ပြီးစီးအောင်မြင်ပါစေသတည်း။ ။

ဤသူရဿတီ မန္တန်တော်ကြီးကို ရွတ်ဘတ်၍၊ အကျိုးစီးပွါးတိုးတက်ပွါးများ၊ အကျိုးခံစားရသောသူ-များစွာ တွေ့ဘူးပါ၏။ အနည်းဆုံး တနေ့ ၇-ခါ ရွတ်ဘတ်ကြပါလေ။ ။

---

ဒုတိယဝိသုဒ္ဓိမဂ် ဆရာတော်-အရှင်ရေဝတ၏

**အထူး မေတ္တာ လက်ဆောင်**

**ဩဝါဒ ကထာ များ။**

သဗ္ဗ ပညတ်၊ အမြဲ မှတ်လော့။

တတ်သိ စေလို၊ ပြဿနာ ဆိုအံ့။

**မှတ်သားလိုက်နာ ဘွယ်များ**

**အသိနှင့် အကျင့်ကို ခွဲ၍ အသိတွင် မရပ်ဘဲ**

**အကျင့်သို့ ရောက်ပါစေ။**

အတုယူရာ၌ (က) အားကျခြင်း၊ (ခ) အားကိုးခြင်းကို ခွဲ၍

(က) မှာ ထိုသူကဲ့သို့ သခင်ဖြစ်လို၏။

(ခ) မှာ ထိုသူ၏ ကျွန် လုပ်သိုခြင်းဖြစ်၏။

**ခေတ်** ဆိုတဲ့ အကောင်ကြီးသည် အတတ်ပညာ, ဥစ္စာ, ကုသိုလ်တည်းဟူးသော အသက်တို့ဖြင့် အရှင်ဖြစ်၍ နေ၏။ သင်သည် ထိုအသက်တို့ဖြင့် ခေတ်ကောင်ကြီးကို ရှင်အောင်လုပ်ဘို့တာဝန်ယူပါ။

www.dhammaransi.com



## ခေတ်ကောင်းကို မသတ်ပါနှင့်

ခေတ်က သင့်ကို ဘယ်သို့မျှမလုပ်၊ သင်ကသာ ခေတ်ကိုကောင်းစေ, ဆိုးစေလေသည်။ သို့သော်....လူအာဇာနီမှာ ခေတ်ဆိုးမရှိ၊ လူနုံ လူညံ့မှာလည်း ခေတ်ကောင်းမတွေ့တတ်။

သင် လုပ်သမျှသည် သင်၏ ကံ ဖြစ်၏။ ကောင်းတာ လုပ်လျှင် ကံကောင်းမည်။ မကောင်းတာ လုပ်လျှင် ကံ ဆိုးမည်။ အကျိုးတရားသည် အကြောင်းတရား၏ အသီးအပွင့်ဖြစ်၏။

သတိရှိပါစေ။ သင်၏ { ကိုယ် / နှုတ် / စိတ် } ကို မကောင်းရာ၌ အသုံးမချမိပါစေနှင့်။

သင်၏ တက်လမ်း၌ {
၁။ အလိုဆန္ဒမရှိခြင်း
၂။ ပျင်းရိမေ့လျော့ခြင်း
၃။ ကြောက်ရွံ့ထိတ်လန့်ခြင်း
}

ဤရန် ၃-မျိုးကို ပယ်ရှားပစ်ပါ။

**ပြော** သမျှကိုလုပ်ပါ၊ လုပ်သမျှကို ပြောပါ၊ ထိုအတိုင်း ပြုလုပ်ဝန့်လျှင်၊ သင်သည် **လူကောင်း** တယောက်ဖြစ်၏။

**သင်**၏ ယခုဘဝသည် အပါယ်လမ်း, နတ်ပြည်လမ်း, ဗြဟ္မာ့ပြည်လမ်း,နိဗ္ဗာန်လမ်း ဟူသော လမ်း ၄-လမ်းသို့သွားနိုင်၏။သွားလိုတဲ့လမ်းသို့လိုက်ပါ။ **ရောက်ရမည်မုချ။**

အလုပ်ကို တရက်ရွှေ့လိုက်ခြင်းသည်၊ သင်၏အောင်မြင်ဘို့စခန်းတွင် တရက် အသက် တိုသည်နှင့် မခြားပေ။ ထို့ကြောင့် ယနေ့ လုပ်စရာရှိတာ နက်ဖြန် မရွှေ့ပါနှင့်။ အချိန်ကို ရွှေကဲ့သို့ အသုံးချပါ။

ပြီး-ပြီ။

www.dhammaransi.com

# ကမ္ဘာ့ရှတ်-သာသနာ့မာရ်အောင်

## ဒုတိယဝိသုဒ္ဓိမဂ်-ဆရာတော်

## အညွှင်ရေဝတပြု


၁ ဗုဒ္ဓဝန္ဒနာဒိလက်စွဲ ၁၂၉၃-ရိုက်ပြီး။
၂ မဟာပဝါရဏာဒိအရေးတော်ပုံကျမ်း ၁၂၉၉-ရိုက်ပြီး။
၃ ဝိပဿနာအလင်းရောင်ကျမ်း ၁၃၁၂-ရိုက်ပြီး။
၄ မဟာဓမ္မစကြာအလင်းရောင်ကျမ်းခေါ် မဟာဓမ္မစကြာ
သုတ် အကျယ်-ပါဠိတော် နိဿယ-ဘာသာပြန်
၁၃၁၄ -ရိုက်ပြီး။
၅ ပြည်ကြီးနိဗ္ဗူ-ဖေါင်မဥ္ဇူကျမ်း ၁၃၁၆-ရိုက်ပြီး။
၆ ဝိပဿနာမဂ်ရေးရာ ၁၃၁၉-ရိုက် ပြီး။
၇ မြတ်ပေါင်းမဥ္ဇူဘုရားသမိုင်း ၁၃၂၅-ရိုက်ပြီး။
၈ ပြည်ထောင်စုသာသနာဝင်ကျမ်းကြီး ရိုက်လတ္တံ့။
၉ ဗုဒ္ဓပွင့်ရာ-မဇ္ဈိမာ (မဇ္ဈိမဒေသကိုယ်တွေ့ဗုဒ္ဓဝင်)
ကျမ်းကြီး ရိုက်လတ္တံ့။
၁၀ ရွှေပုပ္ပါးဋီကာ ရိုက်လတ္တံ့။
၁၁ ပုဂံရောဝါ-သာသနာခေါ်-မင်းမြတ်နရပတိ ရိုက်လတ္တံ့။
၁၂ ပုဂံပြည်ကြီးအကြောင်း-ရွှေဂံဋီကာ ရိုက်လတ္တံ့။
၁၃ နေတ္တိအကောက်အလင်းရောင်ကျမ်း ရိုက်လတ္တံ့။
၁၄ သတိပဋ္ဌာန်-ကြေးကြော်သံ ရိုက်လတ္တံ့။
၁၅ လောကီရတနာ-ဂုဏ်ရောင်ကျမ်း ရိုက်လတ္တံ့။
၁၆ စူဠဂန္ဓာရီထွက်ရပ်ကျမ်းကြီးနိသျ ရိုက်လတ္တံ့။
၁၇ အာဒိတ္တသုတ်ဘာသာပြန်ဋီကာ ရိုက်လတ္တံ့။
၁၈ မဟာသဠာယတနသုတ် ပါဠိနိဿယ အကျယ်
ဘာသာပြန် ရိုက်လတ္တံ့။

www.dhammaransi.com

၁၉ မာလုကျပုတ္တသုတ်-ဝိပဿနာလုပ်နန်း တရားတော်ကြီး ဘာသာပြန်အကျယ် ရိုက်လတ္တံ့။

၂၀ ဝိပဿနာ စည်းကမ်း-ကမ္မဋ္ဌာန်း ရှုနည်းကျမ်း, ပုဏ္ဏောဝါဒသုတ်ဘာသာပြန်အကျယ် ရိုက်လတ္တံ့။

၂၁ ငရဲ့ မင်းပရိတ်တော်-သစ္စာခဏ်း-သီလခဏ်း-ပါဠိနိဿယ ရိုက်လတ္တံ့။

၂၂ သင်္ဂြိုဟ်ဆရာ-အရှင်အနုရုဒ္ဓါ၏ အကျဉ်းနည်း။

၁-မေတ္တာ၊ ၂-ကရုဏာ၊ ၃-မုဒိတာ၊ ၄-ဥပေက္ခာ။

ဗြဟ္မာစိုရ် လေးပါး ပွါးပုံ။

၁-မေတ္တာ-၅၂၈။ ၂-ကရုဏာ-၅၂၈။ ၃-မုဒိတာ-၅၂၈။

ပေါင်း(၂၁၁၂)အကျယ်၊ ဗြဟ္မဝိဟာရဒီပနီကျမ်း ပါဠိ-နိဿယ ရိုက်လတ္တံ့။

၂၃ ဆဲ့နှစ်ရာသီ ပွဲတော်အတ္တုပ္ပတ္တိ အကျယ်-ကျမ်းကြီး- ရိုက်လတ္တံ့

၂၄ မန်ကျည်းချိုရွာ ထနောင်းအုန်-မဟာစေတီသမိုင်း ရိုက်လတ္တံ့။

၂၅ သက္ကာယဒိဋ္ဌိ-မြို့ကြီးတည်ပုံ-ခန္ဓာပူရဝတ္ထု အကျယ် ရိုက်လတ္တံ့။

၂၆ ဝနဝါသီသရေခေတ္တရာ-ရာဇဝင်သစ် ရိုက်လတ္တံ့။

www.dhammaransi.com